# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၀၂)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း ၃ ရက်၊ ၂၇-၆-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံသို့ သွားရောက်လေ့လာ

## နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး



နေပြည်တော် ဇွန် ၂၆

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံသို့ သွားရောက်လေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Belmedpreparaty ဆေးဝါးစက်ရုံသို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Aliaksandr Khajayeu နှင့် စက်ရုံမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံ၌ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ထုတ်လုပ်ထားသည့် ဆေးဝါးများပြခန်းတွင် ကြည့်ရှုလေ့လာစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၆**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇွန် ၂၇ ရက်၊ သောကြာနေ့။

## လျှပ်စစ်သုံးယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအတိုင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle EV) ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ EV သုံးစွဲမှုများ သိသာစွာမြင့်တက်လာသဖြင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် နည်းပညာရှင်များ လိုအပ်ချက်ရှိလာသဖြင့် ယင်းကို EV သင်တန်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး EV သုံးစွဲသည့် ပြည်သူများ အမှန်တကယ်အားထားရသော နည်းပညာရှင်များ ဖြစ်စေရေးအတွက် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာ အတတ်သင်ကောလိပ် (TTTC ဘယ်လင်း) EV အလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးသည် EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၃/၂၀၂၅) သင်တန်းသားများ၏ အဆင့်မြင့်သင်ထောက်ကူပစ္စည်းများကို Electude Digital Learning Management System နှင့် တွဲဖက်ပြီး ယာဉ်၏အဓိကအစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာ၍ ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် စက်မှုအင်ဂျင်နီယာဌာန အလုပ်ရုံသို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် Quick Impact Project အထောက်အပံ့ဖြင့် ဆောင်ရွက်သော Tar-Free and Dry Type Gasifier သုတေသနလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စပါးခွံလောင်စာနှင့် စွန့်ပစ်ပလတ်စတစ် လောင်စာများမှ လျှပ်စစ်ဓာတ်အားထုတ်ယူသောစနစ်များ အသုံးပြုဆောင်ရွက်ရန်ရှိရာ စပါးခွံများနှင့် ပလတ်စတစ်များ စွန့်ပစ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများကို လျှော့ချနိုင်ကြောင်း၊ Gasifier သုံးစွဲသည့် ပြည်သူများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် အက်စစ်ဓာတ်၊ အဆိပ်ရှိသောရေနှင့် ကတ္တရာစေးစသော Gasification ဖြစ်စဉ်မှ ဘေးထွက်ပစ္စည်းများကို ဖယ်ရှားနိုင်သောစနစ်ဖြစ်သဖြင့် ရရှိသည့် ဓာတ်ငွေ့၊ စက်သုံးဆီတို့ကို စနစ်တကျဓာတ်ခွဲစမ်းသပ်ရန်နှင့် မျှော်မှန်းသုတေသနရလဒ်များ ရရှိသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုများပေးနေသည့် ဆန်စက်များနှင့် MSMEs များတွင်ပါ ဤစနစ်ကို အကျိုးရှိရှိ အသုံးချနိုင်ရေးလိုအပ်သည့် ဒီဇိုင်းတွက်ချက်မှုများကို ဆောင်ရွက်ရန်၊ သုတေသနရလဒ်များမှ နည်းပညာများကို ပြင်ပပုဂ္ဂလိက လုပ်ငန်းရှင်များက အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နည်းပညာလွှဲပြောင်းမှုများ စနစ်တကျဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း EV ကဏ္ဍသုံးစွဲမှု မြင့်တက်လာရာ ပြည်သူများ EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ရေးအတွက် သင်တန်းသားများနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာ့ဒူးရင်းသီးကို ပြည်ပဈေးကွက် တင်ပို့နိုင်ရန် ဆောင်ရွက်မည်



**မန္တလေး ဇွန် ၂၆**

ပြည်ပဈေးကွက်အလားအလာရှိသော ဒူးရင်းသီးကို ပြည်ပသို့ ပိုမိုကောင်းမွန်စွာ တင်ပို့နိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် ပြည်ပဈေးကွက်သို့ လမ်းကြောင်းအမျိုးမျိုးမှ တင်ပို့လျက်ရှိသည့် မြန်မာ့ဒူးရင်းသီးများအတွက် ခိုင်မာသော ပြည်ပဈေးကွက်အသစ် ဖော်ထုတ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်နေသည်။

လက်ရှိတွင်လည်း ဒူးရင်းစိုက်တောင်သူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ဒူးရင်းသီးဖိုရမ် ကျင်းပပြီး မြန်မာနိုင်ငံထွက် ဒူးရင်းမျိုးများမှ အနံ့အရသာ ကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သော ဒူးရင်းမျိုးကို ရွေးချယ်ဖော်ထုတ်နိုင်ရန်၊ အရည်အသွေးကောင်း ဒေသမျိုးများကို ပြည်တွင်းစားသုံးသူဈေးကွက်နှင့် ပြည်ပဈေးကွက်သို့ မိတ်ဆက်ပေးနိုင်ရန် ဆောင်ရွက်နေသည်ဟု သိရသည်။

ထိုဖိုရမ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဒူးရင်းတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၆၈)၊ မုခ်ဦးတန်းမွှာရုံ၊ အ.မ.က(၃)မြောက်ဘက်၊ ၈၄လမ်း၊ ခတ္တန်းမုခ်ဦးတန်းလမ်းမဘေးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိုးထိအောင်စည်ကျောင်းရှေ့၊ ရန်-မန်းလမ်းတို့တွင်လည်းကောင်း၊ ဇွန် ၂၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့နှင့် အမရပူရမြို့နယ်၊ ၆၇ လမ်း၊ ညောင်ပင်စောက်ကျေးရွာဘောလုံးကွင်းထောင့်တို့တွင် လည်းကောင်းရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## ပြင်ဦးလွင်မြို့တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဆင်းပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဆင်းပွဲကို ယမန် မွန်းလွဲပိုင်း ၂ နာရီက မြန်မာ-ခါနန် တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်း (ဒိုးကွင်)ရှိ သင်တန်းခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဖုန်းမောင်မှ သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးမှ သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည် ။

အဆိုပါ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို ၂၃-၆-၂၀၂၅ ရက်မှ ၂၅-၆-၂၀၂၅ ရက်အထိ သင်တန်းကာလ ၃ ရက်ဖြင့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြဆရာများမှ ကော်ဖီပင်နှင့် အရိပ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ကော်ဖီသီးခူးဆွတ်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် သိုလှောင်ခြင်း၊ မြေယာ ဥပဒေအကြောင်း၊ ကော်ဖီပင်ပုံသွင်းပြုပြင်ခြင်း၊ ကော်ဖီပင်စည်ထိုးပိုးသဘာဝနှင့် ကာကွယ်နှိမ်နင်းနည်း၊ ကော်ဖီအစနိဒါန်းသမိုင်း၊ ကော်ဖီမျိုးနှင့် ကော်ဖီကြိုက်နှစ်သက်သည့် ရေမြေရာသီဥတု၊ ကော်ဖီတွင် ကျရောက်တတ်သောရောဂါများနှင့် ကာကွယ်နည်းများ၊ ရှိဘတ်စတာကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအကြောင်း၊ ကော်ဖီပျိုးခင်းတည်ထောင်ထိန်းသိမ်းခြင်း၊ ကော်ဖီတွင် ကျရောက်သော ပိုးအမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်းနည်းများစသည့်တို့ကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချခဲ့ရာ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၉ ဦး တက်ရောက် သင်ကြားပေးခဲ့ပါကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန

ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊

၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံရှေ့၌ ပြသထားသည့် ဆေးကုသရေးအထောက်အကူပြု မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်ထားသည့် ဆေးဝါးများပြခန်း၊ ဆေးကုသမှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် စက်ကိရိယာများ ပြခန်းတို့အတွင်း ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများ အပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့ဝင်များသည်ဆေးဝါးစက်ရုံ အစည်းအဝေး ခန်းမအတွင်း တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့် ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာများအား မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍတွင် အသုံးပြုသွားနိုင်မည့် အခြေအနေများ၊ Belmedpreparaty ဆေးဝါးစက်ရုံမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတို့ အသေးစိတ် ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များ မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Belmedpreparaty ဆေးဝါးစက်ရုံအတွင်း လှည့်လည်၍ ဆေးဝါးထုတ်လုပ်နေမှုအဆင့်ဆင့်အား ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ Belmedpreparaty ဆေးဝါးစက်ရုံသည် Minsk မြို့တွင်တည်ရှိပြီး ဝန်ထမ်းပေါင်း ၂၁၀၀ ကျော်ရှိသည့် ဘယ်လာရုစ်နိုင်ငံ၏ အကြီးဆုံးဆေးဝါးထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**❖ ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်သည့် ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာများအား မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍတွင် အသုံးပြုသွားနိုင်မည့် အခြေအနေများ၊ Belmedpreparaty ဆေးဝါးစက်ရုံမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတို့ အသေးစိတ် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Belmedpreparaty ဆေးဝါးစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

* စာမျက်နှာ ၂၄ မှ

မြန်မာနိုင်ငံအနေဖြင့် EAEU ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထား စိတ်ဝင်စားသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အဆွေတော် သဘာပတိကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၊ ဥရောပ-အာရှ စီးပွားရေးကောင်စီရုံးချုပ်တို့က ဆောင်ရွက်ပေးမည်ဟုလည်း မျှော်လင့်ပါကြောင်း။

ယခု စတုတ္ထအကြိမ်မြောက် ဖိုရမ်တွင် ဖိုရမ်၏ခေါင်းစဉ်ဖြစ်သည့် "ဥရောပ-အာရှစီးပွားရေး ပေါင်းစည်းညီညွတ်ရေးမဟာဗျူဟာ-ရလဒ်များနှင့် အလားအလာများ"သည် အချိန်အခါနှင့် ကိုက်ညီသည့် ခေါင်းစဉ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ အဆွေတော် ဘယ်လာရုစ်သမ္မတကြီး၏ခေါင်းဆောင်မှုအောက်တွင် စတုတ္ထအကြိမ်မြောက် ဥရောပ-အာရှစီးပွားရေးဖိုရမ်သည် နိုင်ငံများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စသည့် ရလဒ်ကောင်းများ ရရှိစေမည်ကို အပြည့်အဝယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC)၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်ကစပြီး အရှိန်အဟုန်မြင့်တက်လာခဲ့ကြောင်း၊ ထိုစဉ်က ရုရှား ဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင်လည်း ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC) ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ခဲ့ကြောင်း၊ မြန်မာနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအကောင်အထည်ဖော်ရေး ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကို မြန်မာနိုင်ငံ နေပြည်တော်တွင် တစ်ကြိမ်၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် တစ်ကြိမ်ပြုလုပ်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှုတို့ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ယင်းသည် အပြန်အလှန်ဆက်ဆံရေး မြှင့်တင်ရန်အတွက် အခြေခံအုတ်မြစ်ချနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှာဖွေဖော်ထုတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း။

စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာအခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စုပေါင်းဆောင်ရွက်သည့် နေရာတွင် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဥရောပ-အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေးစိန်ခေါ်မှုများနှင့် ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သော တိုးတက်မှုများနှင့် အရေးပါသောအောင်မြင်မှုများကို ပြသနိုင်



ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မိန့်ခွန်းပြောကြားစဉ်။

ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစုအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် များစွာစိတ်အားထက်သန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကို ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ လေ့လာသူနိုင်ငံအဖြစ် ဆောလျင်စွာ ပါဝင်နိုင်ရေးအတွက် အဆွေတော်တို့အနေဖြင့် ထောက်ခံဆောင်ရွက်ပေးပါရန် မိမိအနေဖြင့် အလေးအနက်ထား မေတ္တာရပ်ခံလိုပါကြောင်း။

မိမိတို့နိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂတို့အကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် တန်းတူညီမျှမှုတို့အပေါ် အခြေခံပြီး တက်ကြွစွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုကြောင်း၊ အဆွေတော်တို့၏ ပြည်သူပြည်သားများ အားလုံး ကျန်းမာချမ်းသာပြီး တိုင်းပြည်သာယာဝပြောတိုးတက်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် EAEU ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအသီးသီးမှတက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများသည် Minsk International Exhibition Center BELEXPO ရှေ့၌ ခင်းကျင်းပြသထားသည့် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်ထားသည့် ကမ္ဘာ့အကြီးဆုံးနှင့် အလေးချိန် အများဆုံးသယ်ဆောင်နိုင်သော မိုင်းတွင်းသုံး ထရပ်ကားကြီးရှေ့၌ အမှတ်တရစုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဥရောပ-အာရှစီးပွားရေးဖိုရမ်ကို ၂၀၂၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် အဖွဲ့ဝင်နိုင်ငံက ကြီးမှူး၍ ဥရောပ-အာရှဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်၍ ဖိုရမ်တွင် ဆွေးနွေးမည့် ခေါင်းစဉ်များ သတ်မှတ်ကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ဖိုရမ်ပထမအကြိမ်ကို ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ခက်မြို့တွင် ၂၀၂၂ ခုနှစ်ကလည်းကောင်း၊ ဒုတိယအကြိမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ၂၀၂၃ ခုနှစ်က လည်းကောင်း၊ တတိယအကြိမ်ကို အာမေးနီးယားနိုင်ငံ ယဲရဗန်မြို့တွင် ၂၀၂၄ ခုနှစ်က လည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)တွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ လူပေါင်း ၂၇၀၀ ကျော် ပါဝင်တက်ရောက်၍ မျက်နှာစုံညီ အစည်းအဝေးများ၊ စကားဝိုင်း ဆွေးနွေးပွဲများ၊ စီးပွားရေး ဆွေးနွေးပွဲများဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)တွင် မြန်မာနိုင်ငံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မျက်နှာစုံညီ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည့် ဥရောပ-အာရှဒေသတွင် ရေရှည်တည်တံ့သောသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ရွေ့ပြောင်းသွားလာခြင်း၊ ဘက်စုံသယ်ယူပို့ဆောင်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း နည်းလမ်းများဆိုင်ရာ ဆွေးနွေးမှုအစီအစဉ်တွင် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြုလုပ်သည့် စိုက်ပျိုးရေးကဏ္ဍ ထိရောက်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးမှုအစီအစဉ်တွင်လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025) သို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများသည် ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က တည်ခင်းဧည့်ခံသည့်ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များကို တွေ့ရစဉ်။

**❂ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာ အခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်**

**❂ ထိုကဲ့သို့သောအခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စုပေါင်းဆောင်ရွက်သည့်နေရာတွင် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍသည် အရေးကြီး**

**❂ ဥရောပ- အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေးစိန်ခေါ်မှုများနှင့် ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သောတိုးတက်မှုများနှင့် အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့ရှိရ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဥရောပ-အာရှ စီးပွားရေးကော်မရှင် (EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayevနှင့် Minsk International Exhibition Center BELEXPO၌တွေ့ဆုံဆွေးနွေးသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဥရောပ-အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက်တွေ့ဆုံဆွေးနွေးပွဲကို စတင်ပြုလုပ်ရာ ဥရောပ-အာရှ စီးပွားရေး ကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ယခုကဲ့သို့ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်တက်ရောက်သည့် အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)တို့အကြား ၂၀၂၃ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် ဇွန်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင် (EEC) တို့ အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ(Memorandum of Cooperation - MOC) အား လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတစ်ဆင့်ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာကျယ်ပြန့်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပ -အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် (EAEU)အဖွဲ့ဝင်နိုင်ငံများ အကြားစီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ မြှင့်တင်ရေး၊ သတ္တုတူးဖော်မှုဆိုင်ရာနည်းပညာမြှင့်တင်ရေးနှင့် စွမ်းအင်ကဏ္ဍမြှင့်တင်ရေးတို့တွင် နည်းပညာပိုင်းဆိုင်ရာ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ဆောင်သွားနိုင်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား တိုက်ရိုက်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း၊ ကုန်စည်ပြပွဲများ၊ ဖိုရမ်များ ကျင်းပခြင်းတို့ဖြင့် စီးပွားရေးကုန်သွယ်မှုအခွင့်အလမ်းကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပ - အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

★ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း လေ့လာတွေ့ရှိရ

★ လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတစ်ဆင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ထား

★ မြန်မာနိုင်ငံအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာကျယ်ပြန့်စေရေး ဆောင်ရွက်သွားမည်

# တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၆




တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ မြန်မာနိုင်ငံတွင် အခွန်အကောက်စနစ်ကို ပြည်ထောင်စုအစိုးရက ကောက်ခံသည့် အခွန်အခများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများက ကောက်ခံသည့် အခွန်အခများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများက ကောက်ခံသည့် အခွန်အခများဟူ၍ အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခွန်ကောက်ခံရာ၌ နိုင်ငံတော်အတွက် အခွန်အပြည့်အဝရရှိစေရေးနှင့် ပြည်သူများအတွက် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် "အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခံခြင်း မပြုဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကိုချဲ့ထွင်၍ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့် စပ်လျဉ်းပြီး တာဝန်ရှိသည့်ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လိုကြောင်း"ကို လမ်းညွှန်မှုပြုခဲ့သည့် အပြင် "အခွန်အခများ ကောက်ယူရာတွင် အခွန်အား တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ယခင်ရှိပြီး အခွန်နှုန်းထားများ အတိုင်း ရသင့်ရထိုက်သော နယ်ပယ် အလိုက် အခွန်များမကျန်ရှိအောင် ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း"ကို လမ်းညွှန်မှုပြုခဲ့ကြောင်း။

အဆိုပါ လမ်းညွှန်ချက်များနှင့်အညီ အခွန်ကောက်ခံမှုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်သော အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရက ကောက်ခံရရှိသည့် အခွန်ငွေများထဲမှ အခွန်ဝေစုကို နှစ်လတ်ဘဏ္ဍာရေးမှုဘောင်အရ တိုင်းဒေသကြီး/ပြည်နယ်များ၏ဘဏ္ဍာရန်ပုံငွေများသို့ လွှဲပြောင်းပေးသွင်းထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်ကာလများတွင် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ် အလိုက် ကောက်ခံရရှိသည့်အခွန်များနှင့် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အခွန်ရငွေ တိုးတက်ရရှိလာစေရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ပစ္စည်းခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြရန် ဖြစ်ကြောင်း။

ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့်စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ မြို့များတွင် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ခြင်း၊ ပြည်သူများ ထိခိုက်သေဆုံးခြင်းနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အဆိုပါ ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လျင်မြန်စွာ ဆက်လက်လုပ်ဆောင်လျက်ရှိရာ လိုအပ်သည့် အသုံးစရိတ်များ ပိုမိုတိုးမြှင့် သုံးစွဲနေရကြောင်း၊ ယင်းအသုံးစရိတ်များ ကာမိစေရန်နှင့် ဘဏ္ဍာရေးလိုငွေပြမှုများ လျှော့ချနိုင်ရန် ပြည်ထောင်စုအနေဖြင့်လည်း ပြည်ထောင်စု၏ အခွန်ကောက်ခံရန်လျာထားချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း မိမိတို့ကောက်ခံရန် အခွန်လျာထားချက်များ ပြည့်မီအောင်ကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အခွန်ကောက်ခံရန် လျာထားချက်နှင့် ပစ္စည်းခွန်၊ ပစ္စည်းခွန်ထိရောက်စွာ ကောက်ခံနိုင်မည်ဆိုပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စု၏ ထောက်ပံ့ငွေအပေါ် မှီခိုရမှုကို လျှော့ချနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံရာတွင် ပြန်လည်အသုံးချနိုင်ခြင်း၊ အိမ်ခြံမြေကဏ္ဍတွင် စုပြုံရင်းနှီးမြှုပ်နှံမှုကို တားဆီးနိုင်ပြီး ထုတ်လုပ်မှုကို အားပေးသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာစေခြင်းစသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများက လက်ရှိကောက်ခံလျက်ရှိသည့် ပစ္စည်းခွန်စနစ်နှင့် မိမိတို့ဒေသအတွင်း ထိရောက်သည့်အခွန်စနစ်များဖြင့် အခွန်တိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များတွင် စနစ်တကျ အခွန်ကောက်ခံမှုဖြင့် အခွန်ရငွေနှင့် ဂျီဒီပီအချိုး တိုးတက်လာစေရေး၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်သည့် အသုံးစရိတ်များ တိုးတက်ရရှိရေးနှင့် ပြည်ထောင်စု၏ အခွန်ဘဏ္ဍာရငွေအပေါ်မှီခိုမှုကို လျှော့ချနိုင်ရေးတို့အတွက် ထိရောက်သည့် အခွန်စီမံခန့်ခွဲမှုစနစ်များဖြင့် ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၆




"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့်ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြပြီး အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။

နံနက်ပိုင်းဆွေးနွေးမှုတွင် အဖွဲ့(၁)နှင့် အဖွဲ့(၂)တို့၏ သဘာပတိများအဖြစ် အဖွဲ့(၁)တွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ အဖွဲ့(၂)တွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)တို့က ဆောင်ရွက်ကြပြီး "ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး (နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ရွေးကောက်ပွဲ၏ အရေးပါမှု၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပြီး ဂုဏ်သိက္ခာရှိသော လွှတ်တော် ဖော်ဆောင်နိုင်ရေး အတွက် ဆောင်ရွက်သင့်သော အစီအမံများ)" ခေါင်းစဉ်ကိုလည်းကောင်း၊ မွန်းလွဲပိုင်းဆွေးနွေးမှုတွင် အဖွဲ့(၁)၌ သဘာပတိအဖြစ် ဒေါက်တာ ညိုညိုသင်းက ဆောင်ရွက်ပြီး "ငြိမ်းချမ်းရေး၊ ပွင့်လင်းမြင်သာသောရွေးကောက်ပွဲနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ထုတ်ခြင်း"၊ အဖွဲ့(၂)၌ သဘာပတိအဖြစ် ဒေါက်တာ ချောချောစိန်က ဆောင်ရွက်ပြီး "ရွေးကောက်ပွဲအလွန် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသောပြည်ထောင်စု တည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုနိုင်မည့် နိုင်ငံတကာအသိုက်အဝန်းများ၏ အခန်းကဏ္ဍကို ဖော်ထုတ်ခြင်း" ခေါင်းစဉ်တို့ကို ဆွေးနွေးကြပြီး တက်ရောက် လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ အပေါ် ဦးဆောင်ဆွေးနွေးသူများ က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးဖိုရမ် တတိယနေ့ ဆွေးနွေးပွဲကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ တောင်ကြီး၊ ရန်ကုန်၊ မန္တလေးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများဖျက်ဆီး

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပြီး တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီကျင်းပကာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ဆုများချီးမြှင့်ကြသည်။





မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်မီးရှို့ဖျက်ဆီးစဉ်။

(၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို ထီဖောင်းကျေးရွာအုပ်စု စည်ပင်အမှိုက်ကျင်းသွား လမ်းဘေးရှိ ကျောက်ကျင်းဟောင်း၌ ပြုလုပ်ရာ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များ၊ မြို့မိ/မြို့ဖများ တက်ရောက်ကြသည်။

## မီးရှို့ဖျက်ဆီး

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၉၁၉ ကီလိုကျော်၊ ဘိန်းဖြူ ၄၆၁ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂ သန်းကျော်၊ အိုက်စ် ၅၀၉၃ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၉၇ ကီလိုကျော်၊ ကက်တမင်း ၂၇၁၅ ကီလိုကျော်၊ ဆေးခြောက် ၅၉ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၁၉ မျိုးနှင့် ဓာတုပစ္စည်း ၁၂ မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၃၅၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၈ သန်းကျော်) ကို ဖျက်ဆီးခဲ့သည်။



မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ ဖမ်းဆီးရမိသည့် ဓာတုပစ္စည်းများအား မြေကျင်းအတွင်း သွန်ချဖျက်ဆီးစဉ်။

ထို့ပြင် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၁၉ ဦး၊ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြား၍ မူးယစ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နံနက် ၈ နာရီတွင် ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖမ်းဆီးရမိသော ဘိန်း ၃၅ ကီလိုခန့်၊ ဘိန်းဖြူ ၁၇၃ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၃ သန်းကျော်၊ အိုက်စ် ၁၀၄၇၆ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၃၂ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၁၄ ကီလိုကျော်၊ ကက်တမင်း ၅၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၄၀၄ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၅ မျိုးနှင့် ဓာတုပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၂၄ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၁၈ သန်းခန့်)ကို ဖျက်ဆီးခဲ့သည်။




မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားစဉ်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နံနက် ၁၀ နာရီတွင်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ရှစ်ဦး၊ ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၈ သို့

✪ စာမျက်နှာ ၇ မှ

အလားတူ မန္တလေးမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး ခြင်းအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက် ရှိ လေယာဉ်ကွင်းအဟောင်း၌ နံနက် ၈ နာရီတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ် ဝန်ရုံးများမှ ကိုယ်စားလှယ်များ နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၂၀ တက်ရောက်ခဲ့ကြပြီး မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးပြခန်းများ ကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသ ကြီး၊ မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများ မှ ဖမ်းဆီးရမိသည့် ဘိန်း ကီလို ၃၈၀ ခန့်၊ ဘိန်းဖြူ ကီလို ၁၁၁၀ ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ သန်းကျော်၊ အိုက်စ် ၆၄၁ ကီလို ခန့်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၈၆ ကီလိုကျော်၊ ကက်တမင်း ၉၃ ကီလိုကျော်၊ ဆေးခြောက် ၁၃၄ ကီလိုခန့် အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၇ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၉၅ ဘီလီယံကျော်(အမေရိကန် ဒေါ်လာ ၈၂ သန်းကျော်)ကို ဖျက်ဆီးကြသည်။




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်မီးရှို့ဖျက်ဆီးစဉ်။

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ် ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်း အစီ အစဉ်များကို တောင်ကြီး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသ ကြီးအတွင်းရှိ တမူး၊ ကသာနှင့် ရွှေဘိုမြို့တို့တွင် ကျင်းပရာ ဘိန်း ၁၃၃၄ ကီလိုကျော်၊ ဘိန်းဖြူ ၁၇၄၄ ကီလိုကျော်၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၈၁ သန်းကျော်၊ အိုက်စ် ကီလို ၁၆၂၁၀ ကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၁၅ ကီလိုကျော်၊ ဘိန်းစာ မှုန့် ၁၁၄ ကီလိုကျော်၊ ဆေးခြောက် ၅၉၇ ကီလိုကျော်နှင့် ကက်တမင်း ၈၅၇၃ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး စုစုပေါင်းတန်ဖိုး မြန်မာ ငွေကျပ် ၁၀၇၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၉၇ သန်း ကျော်)တို့ကို ဖျက်ဆီးခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက် ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်း ဆောင်ရွက်မှုကြောင့် မူးယစ် ဆေးဝါးနှင့် ဓာတုပစ္စည်းအများ အပြား ဖမ်းဆီးရမိကာ ဖျက်ဆီး နိုင်ခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၂၅ ခုနှစ် မေ ၃၁ ရက် အထိ တစ်နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံ၌ ငွေကျပ် ၉၇၂ ဒသမ ၄၆၁ ဘီလီယံတန်ဖိုးရှိ မူးယစ် ဆေးဝါးနှင့် ဓာတုပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်မီးရှို့ဖျက်ဆီးစဉ်။




မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများအား ကြည့်ရှုစစ်ဆေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများအား ကြည့်ရှုစစ်ဆေးစဉ်။



မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးနေသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ ဆရာတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းဘုရား ၁၀ ဆူ ထိခိုက်ပျက်စီးခဲ့မှု၊ ညောင်ပင်ကြီးစုအုပ်စု ရှေးဟောင်းပုဂံဘုရားများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်အတွင်းရှိ ဘိုးမင်းချမ်းသာစေတီတော် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် အလှူငွေများရရှိထားမှုနှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်များအား သွားရောက်ဖူးမြော်ကြည်ညို၍ ဘိုးမင်းချမ်းသာစေတီတော် ထိခိုက်ပျက်စီးမှု အခြေအနေနှင့် ပြန်လည်ပြုပြင်မည့်အစီအစဉ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မတည်လှူဒါန်းမည့်အခြေအနေ၊ အလှူရှင်များရရှိရေး ဆောင်ရွက်မည့် အခြေအနေတို့ကို လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ဇလိတာရာမကျောင်းတိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီနှင့် မဟာစေတီလှစေတီတို့အား အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအားပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများနှင့် မူလမဟာစေတီမှရရှိသော ဌာပနာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာပနာများအား စနစ်တကျ ထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့အတွင်းရှိ တောင်ဖီလာ လေးကျွန်းဆီမီး စေတီတော်မြတ်ကြီး၊ ဇလိတာရာမ ကျောင်းတိုက်၊ နဝလောဟာ ကျောင်းတိုက်နှင့် တောလေးထပ်ကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး ပြန်လည် တည်ဆောက်နေမှု အခြေအနေများ၊ စစ်ကိုင်းမြို့အတွင်းရှိငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများ၊ လမ်းဘေးဝဲ/ယာများရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပြိုအပျက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ် ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက် နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိရဟန်း၊သံဃာတော်များ၊သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသန့်စက်ယာဉ်ဖြင့် ရေဝတီမြစ်ရေအား သန့်စင်ပြီး သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် “A”ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို လည်းကောင်း၊ ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိသော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှု၊ သက်ဆိုင်ရာ ပိုင်ရှင်များလက်ဝယ်သို့ ပြန်လည် လွှဲပြောင်းပေးနိုင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် အလယ်ရပ်ကွက်နှင့် အောက်နန်းရိပ်သာ အရှေ့ရပ်ကွက်များသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောက်နန်းရိပ်သာ အရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





# ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုဆပ်ကော်မတီ အစည်းအဝေးကျင်းပ

ပြင်ဦးလွင် ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ၊ ပြင်ဦးလွင်မြို့တွင် ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ခရိုင်အဆင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှု ဆပ်ကော်မတီဥက္ကဋ္ဌဦးရဲထူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်ဟန်နီသင်းက အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ခရိုင်အဆင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သီးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးကာ သုံးဦးပုံးစထိမှန်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၆

PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။



ကိုလှိုင်မျိုးကျော်(ဒဏ်ရာရ)



ဒေါ်မာမာ(ဒဏ်ရာရ)



မောင်ဖုန်းထက်မြတ်(ဒဏ်ရာရ)

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သီးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးဗုံးသီး တစ်လုံးကျရောက် ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျေးရွာနေသူများဖြစ်ကြသည့် ဦးမျိုးညွန့် (၅၇)နှစ်၊ ဒေါ်မြင့်မြင့်ဝင်း (၅၅)နှစ်၊ မဂျူးကေသာ (၈) နှစ်တို့ သုံးဦး သေဆုံးခဲ့ပြီး ကိုလှိုင်မျိုးကျော် (၂၃)နှစ်၊ ဒေါ်မာမာ (၃၄)နှစ်နှင့် မောင်ဖုန်းထက်မြတ် (၁)နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မဟာအောင်မြေမြို့နယ်၌ သေနတ်အတုဖြင့် ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ သေနတ်အတုဖြင့်ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၀ ရက် ည ၈ နာရီခွဲခန့်တွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ ကိုထက်လင်းအောင်(၂၉)နှစ်သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃) ရပ်ကွက်ဘက်မှ ၎င်း၏ နေအိမ်သို့ ဆိုင်ကယ်ဖြင့် တစ်ဦးတည်း မောင်းနှင်ပြန်လာစဉ် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၉ လမ်း၊ ၅၁ x ၅၂ လမ်းကြားအရောက်၌ အမျိုးသားသုံးဦးက ဆိုင်ကယ်အရှေ့မှ ပိတ်ရပ်ကာ သေနတ်ဖြင့် ခြိမ်းခြောက်ပြီး ၎င်းစီးနင်းလာသည့် ဆိုင်ကယ်ကို လုယက်ယူဆောင်သွားကြောင်း သိရသည်။



(ဝဲမှယာ) တရားခံ ညီညီထွန်း(ခ)စီစီ၊ စိုးမိုးအောင်(ခ)ဖိုးကျော်



ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် သေနတ်အတုမှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှ သေနတ်ပြခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ ဇွန် ၂၅ ရက် ညနေ ၄ နာရီခန့်တွင် ခြိမ်းခြောက်လုယက်မှု ကျူးလွန်ခဲ့သူများအနက်မှ မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်နေ ညီညီထွန်း(ခ)စီစီ (၁၉)နှစ် (ဘ)ဦးသောင်းထွန်းအား မဟာမြိုင်(၂)ရပ်ကွက် ၆၃ x ၄၃ လမ်းထောင့်၌ စူပါကပ် အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ၎င်းဆိုင်ကယ်ခွကြားအတွင်း ဆာလာအိတ်ဖြင့် ထုပ်ပိုးသိုဝှက် သယ်ဆောင်လာသည့် အရှည် ၃၂ လက်မခန့်ရှိ လွယ်ကြိုးပါ ကော်သေနတ်အရှည်(အတု) တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံ ညီညီထွန်း(ခ) စီစီ၏ ထွက်ဆိုချက်အရ ၎င်းသည် ဇွန် ၂၀ ရက် ညပိုင်းတွင် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာနေ စိုးမိုးအောင်(ခ) ဖိုးကျော် (၂၅)နှစ် (ဘ) ဦးသန်းအောင်ကျော်၊ ဟာနစ် တို့နှင့်အတူ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်တွင် အမျိုးသားတစ်ဦးထံမှ HONDA CLICK ဆိုင်ကယ်တစ်စီးကို သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်ပြီး ချမ်းမြသာစည်မြို့နယ်ရှိ အပေါင်ဆိုင်တစ်ဆိုင်၌ ပေါင်နှံ၍ ၎င်းတို့သုံးဦး ခွဲဝေသုံးစွဲခဲ့ကြောင်း၊ စိုးမိုးအောင်(ခ)ဖိုးကျော်မှာ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ် ရပ်ကွက် ၃၇ လမ်း၊ ၇၃ x ၇၅ လမ်းကြားရှိ "Dream37"တည်းခိုခန်း၌ တည်းခိုနေထိုင်ကြောင်း ထပ်မံဖော်ထုတ်သိရှိရသဖြင့် စိုးမိုးအောင်(ခ) ဖိုးကျော်အား အဆိုပါတည်းခိုခန်းရှိ အခန်းအမှတ်(၆၀၄၀)အတွင်းမှ အရှိး/ အသွား ၁၃ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ ဆိုင်ကယ်တစ်စီးနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။ ထို့အတူ လုယက်ယူဆောင်ခြင်းခံရသည့် ဆိုင်ကယ်ကို ချမ်းမြသာစည်မြို့နယ်ရှိ အပေါင်ဆိုင်မှ ပြန်လည်သိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်တွင် သေနတ်အတုပြ၍ ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်သူ သုံးဦးအနက် ညီညီထွန်း(ခ) စီစီနှင့် စိုးမိုးအောင်(ခ) ဖိုးကျော်တို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ ဟာနစ်အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးနှင့် ဖမ်းဆီးရမိတရားခံများကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thar Phyo Hein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်နေ သာဖြိုးဟိန်းကို မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ "May July" Facebook အကောင့်နှင့် "May Thu Kyawt Min" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ်(၇)ရပ်ကွက်နေ မေသူကျော့မင်း(ခ) မေကျော့ကို ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် မိုးညှင်းမြို့နယ်၊ နန့်စီးအောင် ကျေးရွာအနီးတွင် မော်တော်ယာဉ် များအား စစ်ဆေးရှာဖွေစဉ် ရွှေကူမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ဇော်မင်းနှင့် မခင်စန်းတင့်တို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဘိန်းဖြူအလေးချိန် ၉၉၀ ရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား



၃၆၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သဖြင့် ဇော်မင်း(၅၀)နှစ်နှင့် မခင်စန်းတင့်(၄၉)နှစ်တို့အား မိုးညှင်းမြို့မ ရဲစခန်း တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေး ယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)




## 2025 Nordea Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၇ ရက်တွင် စတင်ကျင်းပမည်

**လန်ဒန် ဇွန် ၂၆**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Nordea Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၇ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ 2025 Nordea Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၇ရက်မှ ၂၁ရက်အထိ ၁၅ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Nordea Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(ယာပုံ)**

Nordea Open တင်းနစ်ပြိုင်ပွဲ၏လက်ရှိချန်ပီယံမှာ ပေါ်တူဂီ တင်းနစ်ကစားသမား Nuno Borges နှင့် အီတလီတင်းနစ်ကစားသမား Martina Trevisan တို့ ဖြစ်သည်။

**(NGB)**



## ဒီပေါလ် စာချုပ်ကိစ္စအဆင်မပြေခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ထွက်ခွာမည်



**မက်ဒရစ် ဇွန် ၂၆**

ကွင်းလယ်ကစားသမား ဒီပေါလ်သည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းတိုးကိစ္စ အဆင်မပြေခြင်းကြောင့် လက်ရှိဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အက်စတွန်ဗီလာ၊ ဂါလာတာစာရေးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဒီပေါလ်သည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၇ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

ထို့ကြောင့် အက်စတွန်ဗီလာ၊ ဂါလာတာစာရေးအသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အက်သလက်တီကိုအသင်းမှ ထွက်ခွာမည်ဖြစ်သော ဒီပေါလ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## အင်တာမီလန်အသင်းက ရေဗားပလိတ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မီလန် ဇွန် ၂၆**

၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလား အုပ်စု (E)တတိယပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်တာမီလန်အသင်းနှင့် ရေဗားပလိတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက ရေဗားပလိတ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၇၂မိနစ်တွင် အက်စ်ပိုဆီကို၊ ပွဲချိန် (၉၀+၃မိနစ်)တွင် ဘက်စ်တိုနီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်တာမီလန်အသင်းသည် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလား အုပ်စု(E)ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇မှတ်ဖြင့် အုပ်စု ပထမဖြင့် ၁၆သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

**(အောက်ပုံ) (NGB)**



## အီဆက်ခ်အား စံချိန်တင်လစာဖြင့် နှစ်ရှည်စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်း စီစဉ်



**လန်ဒန် ဇွန် ၂၆**

နယူးကာဆယ်အသင်းသည် အသင်း၏ အဓိကတိုက်စစ်မှူး အီဆက်ခ်အား စံချိန်တင်လစာငွေဖြင့် နှစ်ရှည်စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နယူးကာဆယ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

တိုက်စစ်မှူး အီဆက်ခ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ ပွဲကစားပြီး ၆၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

တိုက်စစ်မှူး အီဆက်ခ်အနေဖြင့် နယူးကာဆယ်အသင်းနှင့် ယခုစာချုပ်ကို ချုပ်ဆိုဖြစ်ပါက အသင်း၏ လစာအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

## နည်းပြ စတီဖာနိုပီအိုလီ အယ်လ်နာဆာအသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲ

**လန်ဒန် ဇွန် ၂၆**

ဆော်ဒီပရီးလိဂ်ကလပ် အယ်လ်နာဆာအသင်းသည် အသင်းနည်းပြ စတီဖာနိုပီအိုလီနှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အယ်လ်နာဆာအသင်းအား ၂၀၂၄ခုနှစ် စက်တင်ဘာ ၁၈ရက်ကစတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄၃ပွဲတွင် ၂၇ပွဲနိုင်၊ ၇ပွဲသရေ၊ ၉ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့သလို ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီကလည်း ဆော်ဒီပရီးလိဂ်အမှတ်ပေးဇယား အဆင့် (၃)နေရာ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။



အယ်လ်နာဆာအသင်းထုတ်ပြန်ချက်တွင် "နည်းပြ စတီဖာနိုပီအိုလီနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**
**(NGB)**

## နော်ဂတ်ဒ်အား စတာလင်ပေါင် ၁၀ သန်းဖြင့် အာဆင်နယ်အသင်း ကမ်းလှမ်း

**လန်ဒန် ဇွန် ၂၆**

အာဆင်နယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်း ကွင်းလယ်ကစားသမား နော်ဂတ်ဒ်အား စတာလင်ပေါင် ၁၀သန်းဖြင့် ကမ်းလှမ်းခဲ့သည်။


အသက်(၃၁)နှစ်အရွယ်ရှိ နော်ဂတ်ဒ်သည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၆ပွဲကစားပြီး ၁၃ဂိုးအထိ သွင်းယူကာခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား နော်ဂတ်ဒ် ကိုယ်တိုင်ကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသောကြောင့် အာဆင်နယ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံ စဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘရန့်ဖို့ဒ်အသင်းထံမှ နော်ဂတ်ဒ်အားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**

*-*-*-*-*



## အဒမ်လယ်လာနာ ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇွန် ၂၆**

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် လီဗာပူးအသင်း ကွင်းလယ်ကစားသမားဟောင်း အဒမ်လယ်လာနာသည် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ ဆောက်သမ်တန်၊ ဘရိုက်တန်၊ ဘုန်းမောက်စသည့်ကလပ်အသင်းများတွင်ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၃ မှ ၂၀၁၈ ခုနှစ်အထိ ပြိုင်ပွဲ ၃၄ ပွဲ ကစားပြီး သုံးဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ အဒမ်လယ်လာနာက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့ အချိန်တွေကို လည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ယာပုံ) (NGB)**



## ၂၀၂၅ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဂျာမနီအသင်း တက်ရောက်

**လန်ဒန် ဇွန် ၂၆**

၂၀၂၅ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဂျာမနီအသင်း တက်ရောက်နိုင်ခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၂၅ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



ဂျာမနီအသင်းသည် ၂၀၂၅ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၉ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မည်သည့်အသင်းက ချန်ပီယံဆုအား ရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

# (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တွင် ကျင်းပ၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**မန္တလေး ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပနေပြီး နိုင်ငံတစ်ဝှမ်းလုံးမှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အစီအစဉ်ကို ရန်ကုန်၊ မန္တလေးနှင့်တောင်ကြီးမြို့တွင် တစ်ချိန်တည်းကျင်းပရာ ယနေ့ကျရောက်သည့် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်းဟောင်း၌ နံနက်ပိုင်းတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတို့မှ ကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တက္ကသိုလ်များနှင့်အခြေခံပညာကျောင်း၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားပြီးနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်း

စာမျက်နှာ ၁၃ သို့ ●






































● စာမျက်နှာ ၁၂ မှ

တမံကြိုးစားဆောင်ရွက်ခဲ့သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီးနောက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်ရုပ်သံမှတ်တမ်း၊ မီးရှို့ဖျက်ဆီးသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ပြခန်းများအား ကြည့်ရှုခဲ့ကြသည်။

ငင်းနောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယနေ့ မီးရှို့ဖျက်ဆီးမှု၌ နေပြည်တော်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဘိန်း (၃၇၉ ဒသမ ၉၅)ကီလိုကျော်၊ ဘိန်းဖြူ (၁၁၀၉ ဒသမ ၈၅)ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ သန်းကျော်၊ အိုက်စ်(၆၄၀ ဒသမ ၉၆)ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး (၂၈)မျိုးနှင့်ဆက်စပ်ဓာတုပစ္စည်း (၁၅)မျိုး၊ စုစုပေါင်းတန်ဖိုးမြန်မာငွေကျပ် ၂၉၅ ဒသမ ၂၆၉ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၀၁ သန်း)ရှိကြောင်း၊ ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်းတွင် မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဆက်စပ်ဓာတုပစ္စည်း(၂၈)မျိုးကို မီးရှို့ဖျက်ဆီးခဲ့ပြီး တစ်ချိန်တည်းမှာပင် ပုသိမ်ကြီးမြို့နယ် ကြာနီကန်အေးရိပ်ငြိမ်အမှိုက်ကျင်း၌ ထိန်းချုပ်ဓာတုပစ္စည်းနှင့် ဆက်စပ်ဓာတုပစ္စည်း(၁၅)မျိုးကို စွန့်ပစ်မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် မုန့်တိုင်ဓမ္မာရုံကြီးတွင် ပြည်သူလူထုနှင့် တွေ့ဆုံ

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ ဒေါနဘွားရပ်ကွက် မုန့်တိုင်ဓမ္မာရုံကြီးတွင် ကျင်းပသည့် ပြည်သူလူထုနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။






ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဓမ္မာရုံတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်သူလူထုနှင့်တွေ့ဆုံပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ အန္တရာယ်ရှိအဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်း၊ ပြန်လည်ထူထောင်တည်ဆောက်ခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြည်သူများမှ တင်ပြလာမှုများအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို ချက်ချင်းဆောင်ရွက်ပေးနေပါကြောင်း၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်သည့်အခါ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုသွားရေးတို့ကို ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရောင်းချပေးနေပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့၏ စည်းလုံးညီညွတ်မှုအင်အားတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တက်ရောက်လာကြသူများက မန္တလေးငလျင်ကြီးကြောင့် ကြုံတွေ့ခဲ့ရသည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများကို ငလျင်ဒဏ်ခံစားခဲ့ရသော မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ပေါ် ဒေါနဘွားရပ်ကွက်ရှိ ငလျင်ဘေးသင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး တက်ရောက်လာကြသည့် ပြည်သူလူထုအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















သတင်း စာမျက်နှာ ၁၄





သတင်း စာမျက်နှာ ၁၃









## စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဇွန် ၂၆**

အယ်လ်နာဆာအသင်းသည် အသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုအား ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ ပွဲကစားပြီး ၉၉ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

**(NGB)**

## သဘာဝဘေး အသိပညာပေး ဟောပြောခြင်းနှင့် ကယ်ဆယ်ရေးသဏ္ဍာန်တူ သရုပ်ပြသခြင်းများ ဆောင်ရွက်

**ကလေး ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် မီးသတ်ဦးစီးဌာနနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရေဘေး၊ မီးဘေး၊ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ သဏ္ဍာန်တူသရုပ်ပြသခြင်းများကို ဇွန် ၂၄ ရက် နံနက် ၉ နာရီခွဲက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ ကလေးမြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်ဇော်ထွန်းက ရေဘေး၊ ငလျင်ဘေးဆိုင်ရာများဟောပြောပြီး ကလေးခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုဘိုဝင်းက မီးဘေး၊ ရေဘေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသည့် စက်ပစ္စည်းများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့သဏ္ဍာန်တူ သရုပ်ပြသခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အ.ထ.က(၆) ကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## AFC Futsal Asian Cup 2026 ခြေစစ်ပွဲ မြန်မာအသင်း အုပ်စု(ဇ)တွင် ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဇွန် ၂၆**

၂၀၂၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အိမ်ရှင်အဖြစ်




လက်ခံကျင်းပမည့် AFC Futsal Asian Cup 2026 ခြေစစ်ပွဲ မဲခွဲပွဲ အခမ်းအနားကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဖဂန်နစ္စတန်အသင်း၊ မော်လ်ဒိုက်အသင်းတို့နှင့် အတူ အုပ်စု(ဇ) တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

AFC Futsal Asian Cup 2026 ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အတွင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်ရမည့် အုပ်စု (ဇ)ပွဲစဉ်များကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။

AFC Futsal Asian Cup 2026 ခြေစစ်ပွဲကို အုပ်စု (၈)ခုဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားအသင်းအပါအဝင် အုပ်စု ပထမ ၈ သင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယ ၇ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်ပါသည်။

(NGB)

ဝ-ဝ-ဝ-ဝ

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အမေရိကန်-အီရန်နျူကလီးယားဆွေးနွေးပွဲ လာမည့်သီတင်းပတ်တွင် ဖြစ်နိုင်ဟု ထရမ့်ပြော




**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အီရန်၏နျူကလီးယားအစီအစဉ်ကို ဆွေးနွေးရန်အတွက် လာမည့်သီတင်းပတ်တွင် အီရန်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဟု ပြောကြားသည်။

ဇွန် ၂၂ ရက်တွင် အီရန်နိုင်ငံရှိ နျူကလီးယားအဆောက်အအုံသုံးခုကို အမေရိကန်က တိုက်ခိုက်ပြီးနောက် ယခုလို နှစ်နိုင်ငံကြား ဆွေးနွေးမည့် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရန်နျူလီးယားအဆောက်အအုံများအပေါ် အမေရိကန်၏ တိုက်ခိုက်မှုက အီရန်၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ပေါင်းများစွာကြာသည့်တိုင် နောက်ဆုတ်သွားစေခဲ့သည်ဟု အမေရိကန်သမ္မတ ထရမ့်ကတော့ အခိုင်အမာပြောသည်။

အီရန်ကို တိုက်ခိုက်ပြီးမကြာမီတွင် အမေရိကန်သမ္မတ ထရမ့်က အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုများကို စတင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ပြည်ထောင်စုအရှေ့မြောက်ပိုင်းရှိ အဓိကမြို့ကြီးများတွင် လူသန်းပေါင်းများစွာ ရာသီဥတုအပူဒဏ်ခံစားနေရသည်ဟု ဆို

**ဝါရှင်တန် ဇွန် ၂၆**



အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းရှိ အဓိကမြို့ကြီးများတွင် လူသန်းပေါင်းများစွာ ယခင်သီတင်းပတ်ကုန်ကတည်းက ရာသီဥတုအပူဒဏ်ခံစားနေရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တစ်နိုင်ငံလုံးရှိ ဒေသအများအပြားကို သက်ရောက်လျက်ရှိသော ပူပြင်းလွန်းသည့်အပူလှိုင်း၏ အဆိုးရွားဆုံးနေ့ကို ယခုအပတ်အတွင်း ကြုံတွေ့ရမည်ဟု မျှော်မှန်းထားသည်။

အမျိုးသားရာသီဥတုဝန်ဆောင်မှုအဖွဲ့၏ ထုတ်ပြန်ချက်အရ ဝါရှင်တန်နှင့် ဘော်စတွန်မြို့များတွင် အပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ပြီး ယခင်စံချိန်များထက် ၆ ဒီဂရီစင်တီဂရိတ်အထိ ကျော်လွန်နိုင်မည်ဟု ဆိုသည်။

နယူးယောက်မြို့ရှိ စင်ထရယ်ပါခ်တွင် အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိနိုင်ပြီး ယခင်အမြင့်ဆုံးစံချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်နိုင်သည်။ အမေရိကန်အရှေ့ပိုင်းရှိ အခြားဒေသများဖြစ်သည့် ဂျော်ဂျီယာမြောက်ပိုင်း၊ ကယ်ရိုလိုင်းနားပြည်နယ်များ၊ ဗာဂျီးနီးယား၊ မယ်ရီလန်းနှင့် ပင်ဆီလ်ဗေးနီးယားတို့တွင်လည်း စံချိန်တင်အပူချိန်များဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**Mon**

## ရထားလမ်းတစ်လျှောက် ကြေးနန်းကြိုးများ ခိုးယူခံရသဖြင့် ယူရိုစတားမီးရထားခရီးစဉ်များ နှစ်ရက်ဆက်တိုက် နှောင့်နှေးခဲ့




**ပဲရစ် ဇွန် ၂၆**

ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ရထားလမ်းတစ်လျှောက် ကြေးနန်းကြိုးများ ခိုးယူခံရသဖြင့် ဇွန် ၂၅ ရက်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်နှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်တို့အကြား ယူရိုစတားမီးရထားခရီးစဉ်များ နှစ်ရက်ဆက်တိုက် နှောင့်နှေးခဲ့သည်ဟု ကုမ္ပဏီနှင့် ပြင်သစ်ရထားလိုင်းလုပ်ငန်းတာဝန်ရှိသူများက အတည်ပြုပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်ရထားလိုင်းလုပ်ငန်းက ထိုမြို့တော်နှစ်ခုအကြားရှိ လီလ်ယူရုပ်ဘူတာတောင်ဘက်၌ ကြေးနန်းကြိုး ၆၀၀ မီတာကျော်ကို ခိုးယူဖြတ်တောက်ခံခဲ့ရခြင်းဖြစ်သည်။

ပြဿနာဖြေရှင်းရန် ကြေးနန်းကြိုးတပ်ဆင်သူများအပါအဝင် အလုပ်သမား ၁၅ ဦးခန့်ကို စေလွှတ်ခဲ့သော်လည်း ပြင်ဆင်ရေးလုပ်ငန်းများ တစ်နေကုန်နီးပါးကြာမည်ဟု လုပ်ငန်းတာဝန်ရှိသူက ဖြည့်စွက်ပြောကြားခဲ့သည်။

လီလ်ဒေသတောင်ပိုင်း မွန်ဒီတာရေးခရိုင်၌ လိမ္မော်ရောင်ဝတ်စုံဝတ်ထားသော အလုပ်သမားများ ရထားလမ်းတစ်လျှောက်ကြိုးများ ပြန်တပ်ဆင်နေကြောင်း သိရသည်။

**Mon**

## ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဘယ်လိုမြို့တွင် မြေပြိုမှုဖြစ်ပွားပြီး လူ ၁၁ ဦး သေဆုံးကာ ၁၅ ဦး ပျောက်ဆုံးနေ



**ဘိုဂိုတာ ဇွန် ၂၆**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဘယ်လိုမြို့တွင် ယမန်နေ့က မြေပြိုမှုဖြစ်ပွားပြီး လူ ၁၁ ဦး သေဆုံးကာ ၁၅ ဦးပျောက်ဆုံးနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းမြေပြိုမှုဖြစ်ပွားပြီးနောက်တစ်ရက်တွင် ဒေသခံများကို အရေးပေါ်ရွှေ့ပြောင်းခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေပြီး အစိုးရအရာရှိများက ကိုလံဘီယာ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မကဲဒဲလင်မြို့အနီးရှိ ဒေသအတွက် မိုးသည်းထန်စွာ ရွာသွန်းမှုက ဆက်လက်အန္တရာယ်ဖြစ်စေနိုင်ကြောင်း သတိပေးထားသည်။

"ဘယ်လိုမြို့တွင် လူ ၁၁ ဦး သေဆုံးပြီး ၁၅ ဦး ပျောက်ဆုံးနေကာ လူ ၁၅၀၀ ကျော်သည် ခိုလှုံရာနေရာများတွင် ရှိနေကြောင်း ဝမ်းနည်းစွာသိရပြီး၊ ကျွန်ုပ်တို့သည် အရေးပေါ်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပံ့ပိုးပေးနေသည်" ဟု မက်ဒဲလင်မြို့တော်ဝန် ဖက်ဒရီကို ဂူတီယာရက်ဇ်က ဇွန် ၂၅ ရက်တွင် အတည်ပြုခဲ့သည်။

မက်ဒဲလင်မြို့အထက် တောင်ကုန်းများပေါ်တွင် လူဦးရေထူထပ်သော ဘယ်လိုမြို့အတွင်းသို့ ရွှံ့နှင့် ရေတိုက်စားမှုများဖြစ်ပွားကာ အိမ်ပေါင်း ၁၂ လုံးခန့် မြေမြှုပ်သွားခဲ့ပြီး ကားများကို ရေစီးတို့ဖြင့် သယ်ဆောင်သွားကာ အမှိုက်ပုံများ ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ရေကြီးမှုကြောင့် ရေဘေးသင့်သူပေါင်း ၈၀၀၀၀ ကျော် ရွှေ့ပြောင်းခဲ့ရ



**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ရေကြီးမှုကြောင့် ရေဘေးသင့်ဒေသများမှ လူပေါင်း ၈၀၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း နိုင်ငံပိုင်မီဒီယာများက ဇွန် ၂၅ တွင် ဖော်ပြသည်။

ထိုရေဘေးသင့်ကာလအတွင်း တံတားပြိုကျမှုတစ်ခုကြောင့် တံတားတစ်ဖက်စွန်းတွင် ထူးဆန်းစွာချိတ်ဆွဲကျန်နေခဲ့သော ကုန်တင်ကားမောင်းသူကို ကယ်ဆယ်ခဲ့ရသေးသည်။

တရုတ်နိုင်ငံသည် ပြင်းထန်သော ရာသီဥတုများဖြင့် ယခုနှစ်နွေရာသီကို ကြုံတွေ့နေရပြီး အပူလှိုင်းများက တစ်နိုင်ငံလုံး၏ ကျယ်ပြန့်သော ဒေသများကို လောင်ကျွမ်းစေကာ မိုးသည်းထန်စွာ ရွာသွန်းမှုများကလည်း အခြားဒေသများကို ထိခိုက်စေလျက်ရှိသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများမှတစ်ဆင့် ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိုကဲ့သို့သော ရာသီဥတုများကို ပိုမိုမကြာခဏနှင့် ပိုမိုပြင်းထန်စွာ ဖြစ်ပေါ်စေကြောင်း သိပ္ပံပညာရှင်များက ရှင်းပြသည်။

အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်တွင် လူပေါင်း ၈၀၉၀၀ ခန့် ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**Mon**

## ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် လေဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၂၆**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ တစ်ရက်အတွင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆထိခိုက်မှုများကြောင့် လေးဦးထက်မနည်းသေဆုံးကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

အစိုးရမူဝါဒနှင့်အညီ ထိခိုက်ခံစားရသည့် မိသားစုဝင်များအတွက် ငွေကြေးအကူအညီများပေးရန်နှင့် ဒေသခံများကြို တင်ကာကွယ်မှုများ ပြုလုပ်ရန် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က တိုက်တွန်းထားသည်။ ပါကစ္စတန် မိုးလေဝသဌာနက ဇူလိုင် ၁ရက်အထိ နိုင်ငံတစ်ဝန်း မုတ်သုံမိုး ဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**

STOP
AIDS

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၅၉/က-အုန်းချောအရှေ့)၊ ဦးပိုင်အမှတ်(၈/၄၈)၏ မြောက်ဘက်အခြမ်း အကျယ်ပေ(၃၀×၄၀)ရှိ ရွာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု အဆိုပြုသော ဦးဇော်လင်းအောင်(၉/မရတ(နိုင်)၁၂၂၄၉၇)၊ အကွက်(၄၁၃-က)၊ မဟာနွယ်စဉ်ရပ်၊ မန္တလေးမြို့နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်ဇင်ဖြိုး(၉/အမဇ(နိုင်)၀၀၇၈၅၄)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရဲထက်အောင် (LL.B,DIL) အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၁)**

**အမှတ်(၆)၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။ ဖုန်း ၀၉-၉၇၉၅၀၆၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၅)ရပ်ကွက်၊ အုန်းချောကျေးရွာ မြေနေရာချထားရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၇/၀၆)ဆုံးဖြတ်ချက် ၂။ အပိုဒ်ခွဲ(၄)အရ မြေကွက်သစ်နေရာချထားပေးသော မြေကွက်အမှတ်-၁၈၃ အကျယ်ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စန္ဒာဝင်း(၉/ပသက(နိုင်)၁၁၁၅၇၈)၊ အမှတ်(၅)၊ အုန်းချောကျေးရွာနေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသောင်းလွင်(၉/အမရ(နိုင်)၀၀၁၁၇၈)ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရဲထက်အောင် (LL.B,DIL) အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၁)**

**အမှတ်(၆)၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။ ဖုန်း ၀၉-၉၇၉၅၀၆၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆၀)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော မြေကွက်သည် ဦးမောင်ငွေး အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ယုလှဲအောင်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၅)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၈)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ပျောက်ဆုံးကြောင်း

ဦးသန်းဇော်(ဘ)ဦးမောင်ကွမ်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၅၉၇၈) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးသန်းဇော်(၀၉ - ၅၁၂၇၃၅၂)**

## ပျောက်ဆုံးကြောင်း

မဝင်းဝင်းခိုင်(ဘ)ဦးစိုင်းအိုက်မောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပဥလ(နိုင်)၀၈၁၆၄၀)ကိုင်ဆောင်သူ၏ Passport No.MB 053837 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မဝင်းဝင်းခိုင် (၀၉ - ၇၈၆၀၆၁၈၂၈)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးခင်ဇော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဦးခင်ဇော်(ဘ)ဦးဖဲ(MDYSE-၀၁၂၅၄၇)(၉/ခမစ(နိုင်)၀၀၁၄၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးကျော်ကျော်သိန်း (LL.B , DL.101 IP Law)**

**တရားလွှတ်တော်ရှေ့နေ**

**(ဃ-၃ /၅၈)၊ ၆၃(အေ)လမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၁၄၇၇၈**

## ပန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၇)၊ ဦးပိုင်အမှတ်(၃၆-ဃ)၊ ဧရိယာ(၀ ဒသမ ၀၄၇၉)ဧက အကျယ်အဝန်းရှိသော ကိုဟံထွန်း၊ မပြုပြု အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ခင်မေဝင်း(ခ)ရှီးလင့်(ဘ)ဦးကောင်းဆွန်(၁၃/လရန(နိုင်)၀၅၁၀၉၁)၊ (၂)ဒေါ်မာမာချို(ဘ)ဦးဟန်ထွန်း(WMDY-၃၄၇၄၉၃)၊(၃)ဒေါ်ကျော့ကျော့ခိုင်(ဘ)ဦးဟန်ထွန်း(၉/မနမ(နိုင်)၀၈၈၂၀၁)၊ (၄)ဒေါ်နှင်းနှင်းအေး(ဘ)ဦးဟန်ထွန်း(၉/မနမ(နိုင်)၀၃၃၇၆၅)၊ (၅)ဦးဇော်ဝင်းထွန်း(ဘ)ဦးဟန်ထွန်း(၉/မနမ(နိုင်)၀၃၃၇၆၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးရပ်ကွက်၊အကွက်အမှတ်(ဗဗ-၂)၊ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးထွန်းအောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလှထွေး(ဘ)ဦးရန်ကျွဲချ(၉/မကန(နိုင်)၀၄၁၈၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စံချိန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade(4)မှ မမြတ်သီရိခင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးနိုင်မင်းထွန်း** ဖြစ်ပါကြောင်း။

**ဦးနိုင်မင်းထွန်း(၁၃/တကန(နိုင်)၁၃၇၆၇၆)**

## အမည်ပြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်နေ ဦးကျော်ရဲအောင်+ဒေါ်နီလာအေးတို့၏သမီး ချန်ပီယံကိုယ်ပိုင် အလယ်တန်းကျောင်းနေ Grade-1 မှ **မခွန်းသခြယ်**အား **မခွန်းသံစဉ်**ဟု ပြောင်းလဲခေါ်ပါရန်။

**မခွန်းသံစဉ်**

## အများသိစေရန် ကြေညာခြင်း

မဟာအောင်မြေခရိုင်၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၂)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ ပေ(၆၀×၄၀)အကျယ်အဝန်းအတွင်းမှ မြောက်ဘက်စွန်း၏ တောင်ဘက်ခြမ်း၊ ဧရိယာ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးကံလှ အမည်ဖြင့် ချထားရရှိထားသော မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဇာခြည်ဝင်း(ဘ)ဦးလူဝင်း(၉/အမဇ(နိုင်)၀၀၆၁၅၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**(ရှေ့နေဦးခင်မောင်ဝင်း) (B.A,H.G.P,RL(II),DBL) ၏တပည့်များ**

**ဦးစိုင်းဝဏ္ဏ(LL.B) ဦးသူရလင်း (LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**UKMW - LAW FIRM**

**အကွက်(၇၇၅)၊ ၂၈လမ်းနှင့် လမ်း ၇၀ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**

**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၅၀၆၂၊ ၀၉-၂၅၉၁၁၈၇၁၊ ၀၉-၉၇၀၀၇၇၇၄၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသိန်းမြအောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ်အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၁၃-၉-၂၀၂၃)ရက်စွဲပါ၊ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၈၀၀၁/၂၀၂၃)အရ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်နိုင်(အဘ)ဦးမြင်စိန်ပြင်(၉/မနမ(နိုင်)၁၁၀၇၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| ဒေါ်ဖြူဖြူသဲ(LL.B) | ဒေါ်ဇင်ဇင်စိုး(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**Office - ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၄၀၂၅၈၂၅၆၈၊ ၀၉-၉၅၄၃၂၄၀၀၁၊ ၀၉-၉၇၃၈၀၃၄၅၄**
**royalroselawfirm@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၅)ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဒေါ်ဟုန်ရင်ကြီး အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၃၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဦးကြီးစိန် အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အပီစိတွင်း၊ မီးမီတာအပါအဝင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အခွင့်အရေး အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ၁။ဦးလှိုင်ကျော်ထွန်း(ဘ)ဦးတင်ဝင်း(၅/လဝန(နိုင်)၀၀၁၀၂၄)၊ ၂။ ဒေါ်နုနုနိုင်(ဘ)ဦးထွန်းစီ(၉/အမဇ(နိုင်)၀၂၁၇၅၁)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးကျော်ကျော်သိန်း(LL.B)(DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**
**(ဃ ၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၁၄၇၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၀၂-Aလမ်း၊ မြို့သစ်(၁)၊ အမှတ်(တ-၃/၂၇)နေ ဦးသိန်းကိုကို (၉/မရမ(နိုင်)၀၀၈၃၁၅)ကိုင်ဆောင်သူနှင့် ဒေါ်ငွေငွေမြင့် (၉/မရမ(နိုင်)၀၀၈၃၁၆)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၀)၊ ကွင်းအမည်-ရေငယ်(အနောက်)အတွင်းရှိ ဒေါ်ခင်ငြိမ်း(၉/မမန(နိုင်)၀၄၂၉၄၇)ကိုင်ဆောင်သူပိုင်ဖြစ်သော ရွာမြေများအနက်မှ ရှေ့မျက်နှာစာ(၅၆)ပေခန့်၊ အနောက်ဘက်(၆၄)ပေခန့်၊ တောင်ဘက်(၁၂၀)ပေခန့်၊ မြောက်ဘက်(၁၂၀)ပေခန့်ကို ပိုင်းခြား၍ အဆိုပါ ရွာမြေနှင့်တကွ မြေပေါ်ရှိ အကျိုးခံစားခွင့်၊ စံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေများက ဒေါ်ခင်ငြိမ်းထံမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြသည့် အလျောက် ရောင်းကြေးငွေများအပေါ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ ရွာမြေ အကျိုးခံစားခွင့်များနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ အစပြု၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးတင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၉၁)**
**အမှတ်(AA-166)၊ မြနန္ဒာရပ်၊ လမ်းသွယ်(၈)၊**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့။ ဖုန်း ၀၉-၂၀၄၆၆၅၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၅၇+၅၈+၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅) ဧက အကျယ်အဝန်းစီရှိ ဦးမြမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၅၈)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ၏ အရှေ့ဘက်ခြမ်း (၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်ကြည်(ဘ)ဦးရွှေလင်း(၉/မဟမ(နိုင်)၀၂၄၁၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | | |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသဇင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက်အမှတ်(၂၃)၊ ဦးပိုင်အမှတ်(၂၂-၁)၊ ဧရိယာ(၀ ဒသမ ၀၂၉၈)ဧက အကျယ်အဝန်းရှိသော ဒေါ်ရီရီဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးသန်းကျော်(ဘ)ဦးပွဲမောင်(၅/ပလဘ(နိုင်)၀၃၇၉၂၃)၊ (၂)ဒေါ်ရီရီဝင်း(ဘ)ဦးသောင်းကြိုင်(၉/လဝန(နိုင်)၀၈၅၃၈၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ် (၃၀/၁၁)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ဦးကျော်ကျော်ညွန့်(ဘ)ဦးကျော်ဝေ(၁၁/စတန(နိုင်)၀၃၉၉၉၇)ကိုင်ဆောင်သူနှင့် ဒေါ်ခင်စန်းဦး(ဘ)ဦးခင်မောင်လတ်(၉/ခအဇ(နိုင်)၀၀၅၇၂၂)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်အိအိသူ** | **ဒေါ်မြင့်သန်းဌေး(LL.B, D.B.L, PCT(Treaty),IP(Law))** |
| **(၁၂/လမန(နိုင်)၁၄၅၇၄၃)** | **တရားလွှတ်တော်ရှေ့နေ** |
| | **ဦးကျော်ဇင်ဦး(LL.B)၊ ဒေါ်ဇင်မာစိုး(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေများ** |
| | **အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊** |
| | **မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၇၉၈၇၄၄၁၀၃** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၀၅)၊ ဦးပိုင်အမှတ်(၅-ခ)၊ ဧရိယာ(၀ ဒသမ ၀၆၇၅)ဧက အကျယ်အဝန်းရှိ မောင်လှအမည်ပေါက် ဘိုးဘ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဒေါ်ခင်သစ်လွင်(ဘ)ဦးခင်မောင်တိုး(၉/တသန(နိုင်)၁၁၇၇၅၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးအောင်ထက်ဦး** | **ဒေါ်မြင့်သန်းဌေး(LL.B, D.B.L, PCT(Treaty),IP(Law))** |
| **(၉/မဟမ(နိုင်)၀၀၃၀၂၆)** | **တရားလွှတ်တော်ရှေ့နေ** |
| | **ဦးကျော်ဇင်ဦး(LL.B)၊ ဒေါ်ဇင်မာစိုး(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေများ** |
| | **အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊** |
| | **မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၇၉၈၇၄၄၁၀၃** |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025) တွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Minsk International Exhibition Center BELEXPO ၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025) ကို "ဥရောပ-အာရှ စီးပွားရေး ပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့် အလားအလာများ" (Strategy of the Eurasian Economic Integration: outcomes and prospects) ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်သို့ EAEU ၏အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့်ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ်စတန်နိုင်ငံသမ္မတ၊ EAEU Observers နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံသမ္မတ၊ ဖိတ်ကြားထားသည့် နိုင်ငံများဖြစ်ကြသည့် မွန်ဂိုလီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီကွာရာဂွာသမ္မတ၏ အထူးကိုယ်စားလှယ်တို့ တက်ရောက်ကြပြီး ဥရောပ-အာရှစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို စိတ်ပါဝင်စားသည့် မိတ်ဖက်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ၊ အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများသည် Minsk International Exhibition Center BELEXPO သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mrs. Petkcvich N. V. က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးကို ပါဝင်တက်ရောက်ကြရာ ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က တက်ရောက်လာကြသည့်နိုင်ငံ့အကြီးအကဲများကို ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် Plenary Session Hall ၌ နေရာယူကြပြီး "ဥရောပ-အာရှ စီးပွားရေး ပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့် အလားအလာများ" (Strategy of the Eurasian Economic Integration: outcomes and prospects) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားသည်။ ယင်းနောက် EAEU အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အာမေးနီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ မိတ်ဖက်နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံသမ္မတ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင် (EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီကွာရာဂွာသမ္မတ၏ အထူးကိုယ်စားလှယ်တို့က မိန့်ခွန်းများ ပြောကြားကြသည်။




ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko မင့်စ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)တွင် မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)သည် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းက အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်စေရန် ရည်ရွယ်ပြီး ဖွဲ့စည်း ထူထောင်ခဲ့ကြောင်း၊ အဆိုပါရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဖိတ်ကြားခြင်းခံရသည့်နိုင်ငံများအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF) ကို ကျင်းပခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုပါက စတုတ္ထအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယခုဖိုရမ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) အနေဖြင့် ပြောင်းလဲနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်နှင့်အညီ နိုင်ငံတကာအခန်းကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍ ပလက်ဖောင်းတစ်ခုပေါ်ထွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုစနစ်မြှင့်တင်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (FTA) များ ပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ငွေကြေးဆိုင်ရာ အထောက်အကူပြုနည်းလမ်းများ တိုးတက်လာရေးတို့ကို တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ပေါင်းစည်းညီညွတ်မှု ရှိသည့် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို အပြန်အလှန်လေးစားမှုဖြင့် တည်ဆောက်သွားရန် လိုအပ်ကြောင်း။

ဥရောပ-အာရှစီးပွားရေး သမဂ္ဂ (EAEU)၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကို လေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့်အရာများပင် ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏ အခြေခံမူများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သည့် အခြေခံမူများကို အလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်းကို ပြောကြားလိုကြောင်း၊ **စာမျက်နှာ ၄ သို့** *